သတိပြု၍စောင့်ကြည့်ရမည့် မျိုးရိုးဗီဇပြောင်းကိုရိုနာ ဗိုင်းရပ်စ်ရောဂါပိုးများ (Variants of Interest VOIs)

| ကိုရိုနာဗိုင်းရပ်စ် ရောဂါပိုး မျိုးကွဲအမည် | မျိုးစိတ် | စတင်တွေ့ရှိသည့် နိုင်ငံ | စတင် တွေ့ရှိသည့် ရက်စွဲ | မြန်မာ နိုင်ငံတွင် တွေ့ရှိရခြင်း ရှိ/မရှိ |
|---|---|---|---|---|
| Epsilon | B.1.427/ B.1.429 | USA | March, 2020 | မရှိသေး |
| Zeta | P.2 | Brazil | April, 2020 | မရှိသေး |
| Eta | B.1.525 | Multiple Countries | December, 2020 | မရှိသေး |
| Theta | P.3 | Philippines | January, 2021 | မရှိသေး |
| Lota | B.1.526 | USA | November, 2020 | မရှိသေး |
| Kappa | B.1.617.1 | India | October, 2020 | ရှိ (၃.၆.၂၀၂၁) |
| Lambda | C.37 | Peru | August, 2020 | မရှိသေး |

(၇) လုပ်ငန်းခွင်၊ ရုံးဌာနများတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုဖြစ်စဥ်များကို လေ့လာချက်များအရ ဝန်ထမ်းတစ်ဦးနှင့်တစ်ဦး (၆)ပေအတွင်း နီးကပ်စွာအလုပ်လုပ်ကိုင်ရခြင်း၊ ရုံးခန်းအတွင်း အတူစုဝေးစားသောက်ခြင်း၊ မျက်နှာချင်းဆိုင်စားသောက်ခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း (mask) ချွတ်ထားချိန်တွင် တစ်ဦးနှင့်တစ်ဦး နီးကပ်စွာပြောဆိုဆက်ဆံခြင်း၊ ရောဂါလက္ခဏာ မပြသော ကိုဗစ်-၁၉ ပိုးရှိသူများနှင့် နီးကပ်စွာပြောဆိုဆက်ဆံခြင်း၊ မိသားစုအတွင်း နီးကပ်စွာနေထိုင်ရာမှ မိသားစုဝင်အချင်းချင်းကူးစက်ခြင်း၊ အတူနေမိတ်ဆွေများထံမှတစ်ဆင့် ကူးစက်ခြင်း၊ လူစုလူဝေးရှိရာနေရာ (ဥပမာ-ဈေး၊ ဘဏ်၊ ကားဂိတ် စသည်...) များတွင် ကူးစက်ခံရခြင်း ဖြစ်စဉ်အများစုကို တွေ့ရှိရပါသည်။

> ရုံးဝန်ထမ်းများနှင့်အတူနေမိသားစုဝင်များ/မိတ်ဆွေများအနေဖြင့် တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ (၆)ပေ အကွာ ခပ်ခွာခွာ နေထိုင်လုပ်ကိုင်ခြင်း၊ လူစုလူဝေး ရှောင်ခြင်း၊ ပါးစပ်နှင့်နှာခေါင်းစည်း(Mask)မတပ်ဆင်ထားသော ဈေးရောင်းသူများထံမှ ဈေးမဝယ်ခြင်း၊ တစ်ဦးနှင့်တစ်ဦး အချင်းချင်း အသိပေး၊ သတိပေးခြင်းများကို အလေးထားဆောင်ရွက်ရမည် ဖြစ်ပါသည်။

(၈) ကိုဗစ်-၁၉ ရောဂါကူးစက်ခြင်းခံရသူများအတွင်းမှ သေဆုံးခြင်းဖြစ်စဉ်များကိုလေ့လာရာတွင် ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာစသည့် နာတာရှည်ရောဂါ